၀၂၈၄ ၁၂၄၀ခု ကဆုန်လဆုပ် – ရက်

( May. 1878 )

ပုခန်းဆရာတော်စာဆက်သွင်းပါသည်။ သက္ကရာဇ်၁၂၄၀။ ကဆုန်လပြည့်ကျော်ဆက်သသည်။ သရက်သီးလုံးရေ ၃၀၀၀များကို။ သံသရာဝရ။ ဩဃလေးဖြာ။ တဏှာအဏ္ဏဝုစ်။ ဝဲသမုတ်မှ။ ထွက်မြော်ပြီးခါ။ လောကုတ္တရာချမ်းသာအလို့ငှာ။ သင်္ဃာတော်မြတ်တို့အား။ လှူဒါန်းရန်ပို့သ လာရော်ရာ။ စတုတ္ထရစ်ထပ်မံလှူ။ တိုက်တော်ရှိသင်္ဃာ ၆၇၈။ သက်ပန်တိုက်ရှိ သင်္ဃာ၁၄၀။ မတ္တရာတိုက်ရှိသင်္ဃာ ၅၁၀တို့အား။ သရက်သီးလုံးရေ ၃၀၀။ တပါးလျှင် ၃လုံးကျ။ ၇စုသင်္ဃာ ၁၀၀၀။ စေ့ငှလှူဒါန်းရရှိသည်။ ကို။ ကုသိုလ်တော်ပုည။ အာနိသံသကြောင့်။ ဘဝများစွာ။ သံသရာနိူက်။ သတ္တဝါပဇ်။ အနန္တတို့ကို။ နိစ္စမပြတ်။ နှိပ်စက်တတ်သော။ အကုသိုလ်ဟူသမျှ တို့ကို။ သမုစ္ဆေဒဟံဖြင့်။ ဖြိုလှန်းပြီးခါ။ အရိယာသူတော်စွာတို့။ ပြော်ရပ်အမှန်။ နိဗ္ဗာန် မြတ်မော်။ ရော်တော်မူခြင်း။ ပတ္တနာသဆက်သွင်းပါသည်။ ပဥ္စမသင်္ဂါယတနာတင် သာသနဒါယကာ ဓမ္မရာဇ်တရားမင်းမြတ်။ ပုခန်းဆရာတော်စာဆက်သွင်းပါသည်။ သက္ကရာဇ် ၁၂၄၀မဟာအတုလဝေယန်ကျောင်းတော်ကြီးတွင်။ ပဥ္စမသင်္ဂါယတနာတင်တော်မူရာန်။ မြတ်စွာ ဘုရားသခင်။ နှုတ်ကပါတ်ပိတကပ်သုံးဘုံပါဠိတော်များကို။ မဟာအတုလ+ဝိသုတာရာမတိုက် တော်။ မဟာတုလွတ်ဘုံ။ စံကြောင်းတော်ကြီးက။ မဟာအတုလကျောင်းတော်ကြီးရော်။ အတင့်အတယ်။ အဘွယ်အယာ။ နတ်လမ်းပမာ။ ဝဲယာဇမှတ်။ မဏ္ဍာပ်ကနားဖြင့်။ ပျတ်ဖြူမိုး ကာခြင်း။ ဆင်ရင်ကျင်းပ။ အစ္ဆရိယအဘူတဖြင့်။ ပို့သတော်မူရာ။ သင်္ဃာတော်တို့အား။ ဝတ်ရုံစေခြင်းငှာ။ လှူဒါန်းရမည်။ အမိန့်တော်မြတ်အရ။ တိုက်တော်သရဟန်းတော် ၅၆၆။ များကို။ ယခုသင်္ကန်းလှူ ၅ပြီးပြေပါးကြောင့်။ မဟာအတုလဝေယန်ကျောင်း။ တော်ကြီးက။ ကြိုယူရာန်ရဟန်းတော်တို့အား ၅၆၆များကို။ ယခုလပြည့်ကျော် ၅ရက်နေ့၂ရက်တီးကျော်။ အချိန်ပို့သလှူဒါန်းပါသည်အကြောင်း။ သိသာတော်မူအောင်။ စာဆက်သွင်းပါသည်။ ပဥ္စမသင်္ဂါယတနာတင်သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

MWT-0225-24